# အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် Myanmar V-Pile Co., Ltd မှဆောင်ရွက်သော ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်) တွင် ၄ခန်းတွဲ ၈ထပ်တိုက် (၂၇)လုံး ( ၈၆၄ ခန်း ) ဆောင်ရွက်လျက်ရှိရာ အောက်ဖော်ပြပါ အခန်းအရေအတွက်နှင့်ဈေးနှုန်းများအတိုင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်သူလူထုသို့ မဲနှိုက်ရောင်းချခဲ့ပါသည် –

(က) U-900 အမျိုးအစားတွင်

Type-A ၉၂၇ စတုရန်းပေ ( ၅၇၀ )ခန်းရှိပြီး တစ်ခန်းလျှင် – ကျပ် ၃၇၇ သိန်း

Type-B ၈၇၇ စတုရန်းပေ ( ၃၈ )ခန်းရှိပြီး တစ်ခန်းလျှင် – ကျပ် ၃၅၉ သိန်း

(ခ ) U-600 အမျိုးအစားတွင်

Type-A ၆၁၄ စတုရန်းပေ ( ၂၄၀ )ခန်းရှိပြီး တစ်ခန်းလျှင် – ကျပ် ၂၈၅ သိန်း

Type-B ၅၆၅ စတုရန်းပေ ( ၁၆ )ခန်းရှိပြီး တစ်ခန်းလျှင် – ကျပ် ၂၆၇ သိန်း

၂။ အဆိုပါတိုက်ခန်းများမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးရမည်ဖြစ်သော်လည်း တိုက်ခန်းများမဲဖောက်ရောင်းချစဉ် တိုက်ခန်းဝယ်ယူခွင့်ရရှိသူ ၅၀% သာ ပထမအရစ်ပေးသွင်းနိုင်ခဲ့ပြီး ကျန် ၅၀% မှာ ပေးသွင်းနိုင်ခြင်းမရှိ၍ ဝယ်ယူခွင့်ဖျက်သိမ်းပြီး အခြားဝယ်ယူမည့်သူများအား နိုင်ငံပိုင်သတင်းစာများတွင် လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း ကြေညာရောင်းချခဲ့ရသဖြင့် လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုရှိခဲ့ပါသည်။

၃။ အိမ်ရာစီမံကိန်းရှိ U-600 တိုက်ခန်းများမှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်တွင် အပ်နှံနိုင်မည်ဖြစ်ပါသည်။ U-900 တိုက်ခန်းများမှာ ၂၀၂၀ ခုနှစ် ဇူလိုင်လကုန်တွင် အပ်နှံနိုင်မည်ဖြစ်ပြီး မြေပြင်တွင် 3rd Floor ထိပြီးစီးနေပြီဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ U-600 တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် ပဉ္စမအရစ်အထိ ကျသင့်ငွေပေးသွင်းပါရန်နှင့် U-900 တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် ဒုတိယအရစ်အထိ ကျသင့်ငွေများအား အမြန်လာရောက်ပေးသွင်းပါရန် နှိုးဆော်အကြောင်းကြားအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ